# စစ်နဲ့ ငြိမ်းချမ်းရေး

တကယ်တော့ ဒီကမ္ဘာကြီးက
ကြီးကောင်ကြီးမား ဘဝနဲ့ သနားစရာ. . . တကယ့်ကို
ဖျားနာနေခဲ့တာကြာပါပြီ ။

ဟိုးးးအရင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ နျူကလီးယားခေတ်၊
ဒိုင်တီခေတ်၊ ခေတ်အဆက်ဆက် တိုင်းမှာကိုက
'စစ်'ဆိုတဲ့ လောင်မြိုက်ခြင်းက
ကမ္ဘာကြီးကို တမြေ့မြေ့နဲ့ တငွေ့ငွေ့ ကျွမ်းလောင်စေခဲ့တာပဲလေ ။

ကမ္ဘာစစ် နှစ်ကြိမ်ဖြစ်ရုံနဲ့တင်
သူယိမ်းထိုး ပြိုလဲချင်နေပြီ တတိယအကြိမ် မဖြစ်ဖို့
သူ့ကိုသူ အနိုင်နိုင်ထိန်းရင်း . . . . . . . . .
ပြိုလဲသွားရတဲ့ ပြည်တွင်းစစ်တွေ
အိမ်နီးနားချင်း ဖြစ်ရတဲ့စစ်တွေ
နိုင်ငံတွေခြားပြီးဖြစ်တဲ့ အဝေးကစစ်တွေ
ကမ္ဘာတစ်ဝှမ်းက 'စစ်' တွေ
'စစ်' တွေ မပြီးနိုင်တဲ့ 'စစ်' တွေ . . . . . .